ကုမ္ပဏီအမည် - Myanmar Ease Net Co., Ltd.

လုပ်ငန်း - လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် Myanmar Ease Net Co., Ltd.တို့မှ B.O.T စနစ်ဖြင့် Online eVisa လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	ကုမ္ပဏီမှအဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်အတွက်တင်ပြလာခြင်း	၁၀-၃-၂၀၁၆		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး၁၁/၂၀၁၆ သို့တင်ပြခြင်း	၁၄-၃-၂၀၁၆		
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်ပေးပို့ခြင်း	၂၂-၃-၂၀၁၆		
၄	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၁၇-၃-၂၀၁၆ (ပ-ကြိမ်)		
		၉-၅-၂၀၁၆ (ဒု-ကြိမ်)	၂၈-၇-၂၀၁၆	
	(ခ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	၁၇-၃-၂၀၁၆	၃၁-၃-၂၀၁၆	
	(ဂ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန	၁၇-၃-၂၀၁၆	၂၉-၃-၂၀၁၆	
၅	ကုမ္ပဏီသို့ဌာနဆိုင်ရာသဘောထားမှတ်ချက်များအရပြင်ဆင်တင်ပြရန်အကြောင်းကြားခြင်း	၆-၄-၂၀၁၆		
၆	ကုမ္ပဏီမှလိုအပ်ချက်များပြင်ဆင်တင်ပြလာခြင်း	၄-၈-၂၀၁၆		
၇	ကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း (၁၅/၂၀၁၆)MIC	၁၉-၈-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက် ၁၄၇ ရက်			

ကုမ္ပဏီအမည်	Myanmar Ease Net Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဍာန်	မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	B.O.Tစနစ်ဖြင့် Online eVisaလုပ်ငန်း
တည်နေရာ	**ကုမ္ပဏီတည်နေရာ**- အမှတ် (၁၄)၊အခန်း (၃၀၂)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **လုပ်ငန်းဆောင်ရွက်မည့်နေရာ**-ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေဆိပ်နေရာများနှင့် မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တာချီလိတ် နယ်စပ်ဝင်ပေါက်များ။
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	ကျပ် ၂၀,၄၈၁.၁၈သန်း
လုပ်ငန်းသက်တမ်း	၁၀နှစ်
အရင်းကြေကာလ	၄နှစ်၁၁ လ
IRR	၁၃.၂၇ %

အထက်ပါ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ **Cost & Benefit** ကိုအောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	**အကြောင်းအရာ**	**Cost**	**Benefit**
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၃.၀၀သန်း (တစ်နှစ်)	-
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၂၀သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	-	-
၄	ဝင်ငွေခွန်	ကျပ် ၄,၇၂၅.၉၆ သန်း	ကျပ် ၅,၅၃၄.၃၅သန်း
၅	ကုန်သွယ်လုပ်ငန်းခွန်	-	ကျပ် ၉,၉၂၃.၇၇သန်း
၆	လျှပ်စစ်မီးသုံးစွဲခ	-	-
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်	-	ကျပ် ၈၃.၄၃သန်း တစ်နှစ်ဝင်ငွေကျပ် (၄၈) သိန်း ကျော်ပါကအခွန်ပေးရမည့်ဝန်ထမ်း (၉) ဦး
၈	CSR(၂%)	-	ကျပ် ၇၁၀.၁၄သန်း
၉	မြေငှားရမ်းခငွေ	-	-
၁၀	အလုပ်အကိုင်အခွင့်အလမ်း	-	ပြည်တွင်းလုပ်သား (၁၈)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေပါသည်။
		ကျပ် ၄,၇၂၈.၉၆သန်း	**ကျပ် ၁၆,၂၅၂. ၉၈သန်း**
		၁ း ၄	

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် Myanmar Ease Net Co., Ltd. တို့မှ B.O.T စနစ်ဖြင့် Online eVisa လုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်	- Myanmar Ease Net Co., Ltd.
၂။	လုပ်ငန်းအဆိုပြုသူအမည်	- ဦးကျော်မိုးနိုင် - မန်နေဂျင်းဒါရိုက်တာ
၃။	ရင်းနှီးမြှုပ်နှံမှုပုံစံ	- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
၄။	အဆိုပြုလုပ်ငန်းအမျိုးအစား	- B.O.T စနစ်ဖြင့် Online eVisa လုပ်ငန်း
၅။	လုပ်ငန်းနေရာ	- **ကုမ္ပဏီတည်နေရာ**- အမှတ် (၁၄)၊ အခန်း (၃၀၂)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ - **လုပ်ငန်းဆောင်ရွက်မည့်နေရာ**- ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေဆိပ်နေရာများနှင့် မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တာချီလိတ် နယ်စပ်ဝင်ပေါက်များ။
၆။	စုစုပေါင်းမတည်ငွေရင်း	(အောက်ပါဇယားတွင်ကြည့်ပါ)

၆။ စုစုပေါင်းမတည်ငွေရင်း	**ကျပ်သန်း**	**US$(သန်း)**	**စုစုပေါင်း(ကျပ်သန်း)**
ငွေသား	၃၈၄.၄၇	-	၃၈၄.၇၄
စက်နှင့်စက်ပစ္စည်းကိရိယာများ	၄၂၆.၇၉	၂.၄၃	၃,၃၄၇.၁၉
ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ	၂၆.၇၀	-	၂၆.၇၀
ကျွမ်းကျင်မှုနည်းပညာ	-	၁၃.၉၄	၁၆,၇၂၂.၅၅
စုစုပေါင်း	**၈၃၈.၂၃**	**၁၆.၃၇**	**၂၀,၄၈၁.၁၈**

၇။	တည်ဆောက်ရေးကာလ	- NA
၈။	ပဏာမစုးစမ်းလေ့လာမှုကာလ	- NA
၉။	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- ၁၀နှစ်
၁၀။	ပဋိညာဉ်စာချုပ်သက်တမ်း	- ၁၀နှစ်
၁၁။	ဝန်ဆောင်မှု(၆နှစ်မြောက်)	(အောက်ပါဇယားတွင်ကြည့်ပါ)

No	Description	Person/ year	Service Rate/Per son (US$)	Myanmar Ease Net Co., Ltd. (US$)	Department of Immigration (US$)
(က)	Tourist Visa	၁,၂၀၀,၀၀၀	၅၀	၁၃.၀၀	၃၇.၀၀
(ခ)	Business Visa	၃၀၀,၀၀၀	၇၀	၁၃.၀၀	၅၇.၀၀

- ပထမ(၅)နှစ်တွင် Online eVisa စနစ်ဖြင့် ကမ္ဘာလှည့်ဗီဇာ (Tourist Visa)လျှောက်ထားမှုဝန်ဆောင်ခ (Visa Processing Fees)အား Online မှတစ်ဆင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၅၀) ကောက်ခံမည်ဖြစ်၍ နိုင်ငံတော်မှ အမေရိကန်ဒေါ်လာ (၃၆)ဒေါ်လာ ၊ ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ(၁၄)ဒေါ်လာခွဲဝေယူမည်ဖြစ်ပါသည်။
- ပထမ(၅)နှစ်တွင် (Business Visa) လျှောက်ထားမှုဝန်ဆောင်ခ (Visa Processing Fees)အား Online မှတစ်ဆင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၇၀)ဒေါ်လာ ကောက်ခံမည်ဖြစ်၍ နိုင်ငံတော်မှ အမေရိကန်ဒေါ်လာ(၅၆)၊ ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ(၁၄) ဒေါ်လာခွဲဝေယူမည်ဖြစ်ပါသည်။

၁၂။	ကုမ္ပဏီ၏(၆)နှစ်မြောက်ဝင်ငွေ အသုံးစရိတ် အသားတင်အမြတ်	- ကျပ် ၂၃,၄၀၀.၀၀ သန်း - ကျပ် ၂၀,၀၇၉.၃၉ သန်း - ကျပ် ၃,၃၂၀.၆၁ သန်း
၁၃။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်(၆)နှစ်မြောက် ဝင်ငွေခွန် ကုန်သွယ်လုပ်ငန်းခွန်	 - ကျပ်၁,၁၀၆.၈၇သန်း - ကျပ်၁,၁၁၄.၂၉သန်း
၁၄။	ဝန်ထမ်းအင်အား	- ပြည်တွင်း ၁၈ ဦး (တစ်လလျှင် ပြည်တွင်းလုပ်သားတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ၁၃၀,၀၀၀ ကျပ်၊ အမြင့်ဆုံးလစာမှာ ကျပ် ၂,၇၅၀,၀၀၀ဖြစ်ပါသည်။) - ပြည်ပ ၂ ဦး (တစ်လလျှင် ပြည်ပ လုပ်သား တစ်ဦး၏ လစာမှာ US$ ၁,၀၀၀ ဖြစ်ပါသည်။)
၁၅။	အရင်းကြေကာလ	- ၄ နှစ် ၁၁ လ
၁၆။	အရင်းအနှီးပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၁၃.၂၇ %
၁၇။	ငွေကြေးအထောက်အထား	- ငွေကြေး အထောက်အထားများအဖြစ် မန်နေးဂျင်းဒါရိုက်တာ ဦးကျော်မိုးနိုင် အမည်ဖြင့် ဧရာဝတီဘဏ်၌ (၈-၈-၂၀၁၆) နေ့စွဲရှိ ကျပ်ငွေ (၁၇,၁၂၇,၃၄၅.၄၂) ရှိကြောင်း၊ ဒါရိုက်တာ ဒေါ်ချိုချိုမာ အမည်ဖြင့် ဧရာဝတီဘဏ်၌ (၈-၈-၂၀၁၆) ရက်စွဲဖြင့် ကျပ်ငွေ (၂,၅၉၂,၄၃၈.၇၇)နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ (၂၇-၇-၂၀၁၆) ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ (၈၇၂၁.၉၃) ရှိကြောင်း၊ ဒါရိုက်တာ ဦးလှိုင်ဝင်းကို အမည်ဖြင့် ဧရာဝတီဘဏ်၌ (၈-၈-၂၀၁၆) ရက်စွဲဖြင့် ကျပ်ငွေ (၃,၀၁၆,၅၈၅.၁၆) ရှိကြောင်း တင်ပြထားပါသည်။
၁၈။	နှစ်ဦးသဘောတူပဋိညာဉ် စာချုပ်ပါအဓိကအချက်များ	- အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် Myanmar Ease Net Co., Ltd.တို့မှ (၁-၉-၂၀၁၄) ရက်စွဲဖြင့် ချုပ်ဆိုထားသည့် နှစ်ဦးသဘောတူ ပဋိညာဉ်စာချုပ်ပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်- (က) ပဋိညာဉ်စာချုပ်သည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှ စတင်အကျိုးသက်ရောက်ပြီး လုပ်ငန်းသက်တမ်းကာလ မှာ ၁၀ နှစ် ဖြစ်ပါသည်။ **အပိုဒ်-၉** (ခ) Online eVisa System လုပ်ငန်း သဘောတူစာချုပ်သက်တမ်းတိုးမြှင့်ခြင်းကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး နိုင်ငံတော်အစိုးရ၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

		အပိုဒ်-၁၀ (ဂ) Online eVisa System စနစ်တွင်ကမ္ဘာလှည့်ဗီဇာ (Tourist Visa)လျှောက်ထားမှုဝန်ဆောင်ခ(Visa Processing Fees) အား Online မှတစ်ဆင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၅၀) ကောက်ခံရန်၊ ထိုကောက်ခံရရှိသော အမေရိကန် ဒေါ်လာ (၅၀) မှ စာချုပ်၏ ပထမ (၅)နှစ်သက်တမ်းအတွက် လုပ်ကိုင်ခွင့်ပြုသူအား တစ်ဦးလျှင် အမေရိကန် ဒေါ်လာ (၃၆) ဒေါ်လာနှင့် ဒုတိယ(၅)နှစ် အတွက် အမေရိကန် ဒေါ်လာ(၃၇)ဒေါ်လာ (ဘဏ်လွှဲငွေများ နှုတ်အပြီး အသားတင်)အား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူက (၇)ရက်တစ်ကြိမ် သတ်မှတ်သဘောတူထားသော မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ်(MFTB)ဘဏ်၏ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနငွေစာရင်းသို့ လွှဲပြောင်းပေးရန် လုပ်ငန်းလုပ်ကိုင်ခွင့် ရသူက သဘောတူတာဝန်ယူပါသည်။ **အပိုဒ်-၁၂** (ဃ) ကုမ္ပဏီသည် Service Charges အဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၁၄)ဒေါ်လာနှင့် ဒုတိယငါးနှစ် သက်တမ်းအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၁၃) ဒေါ်လာ ကောက်ခံရန် သဘောတူပါသည်။ လုပ်ကိုင်ခွင့်ရရှိသူသည် ကောက်ခံရရှိသည့် Service Charges အပေါ် Withholding Tax ၂ % ကိုလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူထံ ဗီဇာအခကြေးငွေ ခွဲဝေပေးသည့်နေ့ရှိ ငွေလဲလှယ်နှုန်းဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ ပေးသွင်းရန် တာဝန်ယူသည်။ **အပိုဒ်-၁၃** (င) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ် (MFTB)တွင် ဘဏ်အာမခံအဖြစ် (Bank Deposit) အားခုနစ်ရက် တစ်ပတ်လျှင် အမေရိကန်ဒေါ်လာ (၃)သိန်း (US$ သုံးသိန်းတိတိ)ကို လုပ်ငန်းဆောင်ရွက်စဉ် ကာလ အတွင်းပေးသွင်းရန်နှင့် eVisa စနစ်ဖြင့် ဝင်ရောက်လာသည့် ခရီးသည်တိုးတက်များပြား ဝင်ရောက်မှုအပေါ်မူတည်၍ ထပ်မံတိုးမြှင့်သတ်မှတ်ရန် သဘောတူတာဝန်ယူပါသည်။ **အပိုဒ်-၁၅** (စ) Online eVisa System လုပ်ငန်းအား သဘောတူချုပ်ဆိုထားသော ကာလကုန်ဆုံး၍ သက်တမ်းတိုးမြှင့်ခြင်း မရှိတော့ပါက eVisa System Design Structure (Programming Code) များ၊ တပ်ဆင်ထားသော စက်ပစ္စည်းများအားလုံးနှင့် Software များ Banking စနစ်များ

		အား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူထံသို့ Computer များ၊ Software များ၊ Hardware များ၊ Data Server များ၊ အခြားဆက်စပ်ပစ္စည်းများသည် လွှဲပြောင်းသည့်အချိန်တွင် နောက်ဆုံးပေါ် (Update System)များဖြင့် အဖိုးစားနားမပါဘဲလွှဲပြောင်းပေးရမည်။ **အပိုဒ်-၂၅**
၁၉။	ကုမ္ပဏီမှ ဆောင်ရွက်မည့် CSR	- CSR လုပ်ငန်းများအတွက် အသားတင်အမြတ်ငွေ၏ ၂ %၊ အသုံးပြုသွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၂၀။	မီးဘေးကာကွယ်ထားရှိမှု အစီအစဉ်	- မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက် ရေးဆွဲတင်ပြထားပါသည်။
၂၁။	နှစ်စဉ်လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- ၁၃,၂၈၄ kWh
၂၂။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်	- ကုမ္ပဏီအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြထားပါသည်။
၂၃။	အခြားတင်ပြချက်များ	- Online eVisa လုပ်ငန်းစီမံချက် အကောင်အထည် ဖော်နိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ (၂၇-၆-၂၀၁၄) ရက်နေ့မှ (၁၆-၇-၂၀၁၄) ရက်နေ့အထိ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပြီး Myanmar Ease Net Co., Ltd. အား ပွင့်လင်းမြင်သာစွာ ရွေးချယ်မှုပြုလုပ်ခဲ့ပါကြောင်းတင်ပြထားပါသည်။ - ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောထားမှတ်ချက် နှင့်အညီပြင်ဆင်ချုပ်ဆိုထားသော နှစ်ဦးသဘောတူ ပဋိညာဉ်စာချုပ်နှင့်ပြင်ဆင်ချက် သဘောတူစာချုပ်များကို တင်ပြထားပါသည်။ - Myanmar Ease Net Co., Ltd. သည် (၃၀-၁၂-၂၀၁၁) ရက်နေ့တွင် ဖွဲ့စည်းမှတ်ပုံတင်ထားပြီး (၁၁-၁၂-၂၀၁၄)ရက်နေ့မှ စ၍ သက်တမ်းတိုးခွင့်ပြုထားပါကြောင်း ကုမ္ပဏီမှတ်ပုံတင် လက်မှတ်၊ MOA ၊ AOA(မိတ္တူ) နှင့် ဒါရိုက်တာစာရင်းတို့ကို တင်ပြထားပါသည်။ - Myanmar ICT Development Corp., Ltd. နှင့် Myanmar Ease Net Co., Ltd. တို့ ချုပ်ဆိုထားသော ရုံးခန်းငှားရမ်းခြင်း သဘောတူစာချုပ်ကို တင်ပြထားပါသည်။
၂၄။	စိစစ်တင်ပြချက်	(က)လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ Online eVisa လုပ်ငန်းအား Myanmar Ease Net Co., Ltd. နှင့် B.O.T စနစ်ဖြင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်ခွင့်ပြုရန်(၃၀-၁၂-၂၀၁၄) ရက်စွဲဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခဲ့ခြင်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကော်မရှင်ခွင့်ပြုမိန့် မဖြစ်မနေလျှောက်ထားရန် မလိုပါကြောင်း၊ ကော်မရှင်သို့ အဆိုပြုချက်

		တင်ပြလိုပါက ပြည့်စုံသော အဆိုပြုချက်ပြုစု၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မှတစ်ဆင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောထားမှတ်ချက် နှင့်အညီပြင်ဆင်ထားသော B.O.T စာချုပ် (မူကြမ်း) နှင့်အတူတင်ပြပေးရန် အကြောင်းပြန်ကြားချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှတဆင့် အဆိုပြုချက် အပြည့်အစုံပြုစု၍ တင်ပြလာခြင်းဖြစ်ပါသည်။ (ခ) B.O.T စာချုပ်အရ ကုမ္ပဏီမှ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အား Online eVisa လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သော Hardware များ၊ Software များ၊ ပြည်တွင်း/ပြည်ပပညာရှင်များ၊ Bank Transfer Charges များ၊ ၂၄ နာရီ/၇ ရက်အတွက် လိုအပ်သော ထောက်ပံ့ရေးစနစ် (Supporting) နှင့် ပစ္စည်းများ၊ အခြားကုန်ကျစရိတ်များ အားလုံးအပါအဝင် eVisa လုပ်ငန်းစနစ် တစ်ခုလုံး ဆက်လက်တိုးချဲ့မည့် လုပ်ငန်းများအပါအဝင် စဉ်ဆက်မပြတ် ခေတ်မီနေစေရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စိစစ်တင်ပြအပ်ပါသည်။ (ဂ) ကုမ္ပဏီသည် (၁-၉-၂၀၁၄) ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန နှင့် Online e-Visa System လုပ်ငန်းအားဆောင်ရွက်ရန် သဘောတူညီချက် ပဋိညာဉ်စာချုပ်၊ (၁-၇-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက် သဘောတူညီချက် ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းနှင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် လေဆိပ်တို့တွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန နှင့် ပူးပေါင်း၍ လုပ်ငန်း စတင်ဆောင်ရွက်လျက် ရှိပြီးဖြစ်ကြောင်းစိစစ်ရပါသည်။ (ဃ) Online eVisa System စနစ်တွင် ကမ္ဘာလှည့်ဗီဇာ (Tourist Visa) လျှောက်ထားမှုဝန်ဆောင်ခ (Visa Processing Fees) အား Online မှတစ်ဆင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၅၀) ကောက်ခံမည်ဖြစ်၍ နိုင်ငံတော်မှ အမေရိကန် (၃၇) ဒေါ်လာ၊ ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ (၁၃) ဒေါ်လာခွဲဝေယူမည်ဖြစ်ပါသည်။ (Business Visa) လျှောက်ထားမှုဝန်ဆောင်ခ (Visa Processing Fees) အားတစ်ဦးလျှင် အမေရိကန် ဒေါ်လာ (၇၀) ကောက်ခံမည်ဖြစ်၍ နိုင်ငံတော်မှ အမေရိကန် (၅၇) ဒေါ်လာ၊ ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ(၁၃) ဒေါ်လာခွဲဝေယူမည်ဖြစ်ပါသည်။ (င) ခရီးသည်ထံမှ ဒေါ်လာငွေကြေးဆိုင်ရာ တာဝန်ယူဆောင်ရွက်

ပေးမည့် အဖွဲ့အစည်းမှာ စင်ကာပူအခြေစိုက် eNETS ကုမ္ပဏီ (Money Gateway) ဖြစ်ပါသည်။ နိုင်ငံတကာငွေကြေးလွှဲပြောင်းပေးပို့ခြင်း၊ နိုင်ငံတကာမှ On-Line System ဖြင့် eVisa လျှောက်ထားသူများ၏ အခငွေများအတွက် ငွေပေးချေကတ်များတွင် ငွေ ရှိ-မရှိ စစ်ဆေးခြင်း၊ ကတ်ဟုတ်-မဟုတ်စစ်ဆေးခြင်းစသည့် ငွေလွှဲပြောင်းပေးသော Money Payment Gateway ဝန်ဆောင်မှုပြုလုပ်ပေးသည့် Online Payment Processing လုပ်ဆောင်ရန် တည်ထောင်ထားသော စင်ကာပူနိုင်ငံရှိ နိုင်ငံတကာအသိအမှတ်ပြု နည်းပညာကုမ္ပဏီဖြစ်ပါသည်။

(စ) နိုင်ငံခြားငွေ လက်ခံဆောင်ရွက်ပေးမည့်ဘဏ်မှာ Myanmar Ease Net, e-Nets ကုမ္ပဏီတို့နှင့် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သည့် စင်ကာပူအခြေစိုက် UOB (United Overseas Bank) ဖြစ်ပါသည်။

(ဆ) e-Nets Online Payment စနစ်အသုံးပြု၍ ကောက်ခံရရှိသော Visa Processing Fees များကို စင်ကာပူနိုင်ငံရှိ United Oversea Bank (UOB) ဘဏ်ငွေစာရင်း (Galaluz Pte Co., Ltd. ၏ Merchant Account ငွေစာရင်း) မှတစ်ဆင့် သတ်မှတ်ထားသော (MFTB) ရှိ (လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန)၏ ငွေစာရင်းသို့ လွှဲပြောင်းပေးမည်ဖြစ်သည်။

(ဇ) Galaluz Pte Co., Ltd. သည် လုပ်ငန်းအဆိုပြုသူ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မိုးနိုင် ပိုင်ဆိုင်သည့် စင်ကာပူနိုင်ငံ၏ ဥပဒေနှင့်အညီ တည်ထောင်ထားသော Business and Project Management & Services လုပ်ငန်း ဆောင်ရွက်သည့်ကုမ္ပဏီဖြစ်ပါသည်။

(ဈ) Online e-Visa လုပ်ငန်းစဉ်အား လုပ်ငန်းနိုင်နင်းမှုအပေါ်မူတည်၍ ကျန်ဗီဇာများအား တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းစိစစ်ရပါသည်။

(ည) ကုမ္ပဏီ၏ဝင်ငွေ၊ နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်နှင့် အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်းတို့မှာ ကုမ္ပဏီမှ တင်ပြချက်အရ ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။

(ဋ) ကုမ္ပဏီမှ တည်ဆောက်ရေးကာလ တင်ပြထားခြင်း မရှိပါကြောင်း နှင့် ပြည်ပမှ တင်သွင်းမည့် အမေရိကန်ဒေါ်လာ ၁၄.၃၄၇ သန်း တန်ဖိုးရှိ ပစ္စည်းကိရိယာများအတွက် အခွန်ပေးဆောင်တင်သွင်းရမည်ဖြစ်ကြောင်းစိစစ်တင်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၅(အ)/မ-၀၁၃/၂၀၁၆(၄၀၇)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဩဂုတ် လ ၈ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန နှင့် Myanmar Ease Net Co., Ltd. တို့မှ B.O.T စနစ်ဖြင့် Online eVisa လုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန နှင့် Myanmar Ease Net Co., Ltd. တို့မှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်နေရာများနှင့် မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တာချီလိတ် နယ်စပ်ဝင်ပေါက်များတွင် B.O.T စနစ်ဖြင့် Online eVisa လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန နှင့် Myanmar Ease Net Co., Ltd. ၏ Online eVisa လုပ်ငန်းအားတာဝန်ယူဆောင်ရွက်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ချုပ်ဆိုထားသော နှစ်ဦးသဘောတူပဋိညာဉ်စာချုပ် နှင့် ပြင်ဆင်ချက်သဘောတူစာချုပ်၊ Myanmar ICT Development Corp.,Ltd. မှ ဦးစိန်ဝင်းနှင့် Myanmar Ease Net Co.,Ltd. မှ ဒါရိုက်တာ ဦးလှိုင်ဝင်းကို တို့ သဘောတူချုပ်ဆိုထားသည့် ရုံးခန်းငှားရမ်းခြင်း သဘောတူစာချုပ်၊ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတို့ကို ပူးတွဲတင်ပြထားပါသည်။

၃။ နှစ်စဉ်အခန်းငှားရမ်းခအနေဖြင့် **ရန်ကုန်တိုင်း**၊ လှိုင်မြို့နယ်၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ MICT Park၊ Building (14) ၊ Room No(302)ရှိ အခန်းဧရိယာ ၁,၀၄၀ စတုရန်းပေ (၉၆.၆၂ စတုရန်းမီတာ) အား တစ်နှစ်လျှင် ၁၂,၄၈၀,၀၀၀ ကျပ်နှုန်း (တစ်နှစ်တစ်စတုရန်းမီတာလျှင် ၁၂၉,၁၆၇ ကျပ်နှုန်း)ဖြင့် ငှားရမ်းဆောင်ရွက်မည် ဖြစ်ပါကြောင်း (၁) နှစ်သက်တမ်းရှိ အခန်းငှားရမ်းခြင်း စာချုပ်အားပူးတွဲတင်ပြထားပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်နေရာများနှင့် မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တာချီလိတ် နယ်စပ်ဝင်ပေါက်များတွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၄။ အဆိုပြုလုပ်ငန်း၏ လုပ်ငန်းသက်တမ်းကာလမှာ ကနဦး ၁၀ နှစ် ဖြစ်၍ စုစုပေါင်း မတည်ငွေရင်းပမာဏမှာ ၂၀,၄၈၁.၁၈ ကျပ်သန်း ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ ၁၄.၃၄၇ သန်း တန်ဖိုးရှိစက်ပစ္စည်းနှင့်ကျွမ်းကျင်မှုနည်းပညာများအားပြည်ပမှ တင်သွင်းမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်		ကျပ်သန်း	US$ (သန်း)	စုစုပေါင်း(ကျပ်သန်း)
(က)	ငွေသား	၃၈၄.၇၄		၃၈၄.၇၄
(ခ)	စက်နှင့်စက်ပစ္စည်းကိရိယာများ	၄၂၆.၇၉	၂.၄၃	၃,၃၄၃.၁၉
(ဂ)	ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ	၂၆.၇၀		၂၆.၇၀
(ဃ)	ကျွမ်းကျင်မှုနည်းပညာ		၁၃.၉၄	၁၆,၇၂၂.၅၅
	စုစုပေါင်း	၈၃၈.၂၃	၁၆.၃၇	၂၀,၄၈၁.၁၈

၅။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်း (၁၈)ဦး၊ ပြည်ပဝန်ထမ်း (၂) ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာကျပ် ၁၃၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံး လစာမှာ ကျပ် ၂,၇၅၀,၀၀၀ဖြစ်ပါသည်။ ပြည်ပဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁,၀၀၀ ဖြစ်ပါသည်။

၆။ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) တွင် အဆိုပြုလုပ်ငန်း၏ ဝန်ဆောင်မှုအမျိုးအစားနှင့်ဝန်ဆောင်ခနှုန်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(US$)

No	Description	Person/ year	Service Rate/Person	Department of Immigration	Myanmar Ease Net Co., Ltd.
(က)	Tourist Visa	၁,၂၀၀,၀၀၀	၅၀	၃၇	၁၃
(ခ)	Business Visa	၃၀၀,၀၀၀	၇၀	၅၇	၁၃

၇။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်)တွင် ကုမ္ပဏီမှ ရရှိမည့် အကျိုးအမြတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	ကျပ် (သန်း)
(က)	ဝင်ငွေ	၂၃,၄၀၀.၀၀
(ခ)	အသုံးစရိတ်	၂၀,၀၇၉.၃၉
(ဂ)	အသားတင်အမြတ်	၃,၃၂၀.၆၁

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၁,၁၀၆.၈၇ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁,၁၁၄.၂၉ သန်း ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၄)နှစ် နှင့် (၁၁)လ ဖြစ်၍ အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ (၁၃.၂၇) ရာခိုင်နှုန်း ဖြစ်ပါသည်။

၉။ အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်များ ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** **(နောက်ဆက်တွဲ-က)**

အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်း နှင့်စပ်လျဉ်း၍ ဝန်ဆောင်မှု (Services) လုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖြစ် မစဉ်းစားသင့်ပါကြောင်း နှင့် ခွင့်ပြုမည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

(ခ) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ခ)**

အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကိုလျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြ

ထားသည့် လူမှုရေးအကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility –CSR) အတွက် အသားတင်အမြတ်ငွေ၏ ၂ % အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲ၍ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ **(ကုမ္ပဏီမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။)**

(ဂ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ဂ)**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန တို့နှင့် Myanmar Ease Net Co., Ltd.တို့မှ B.O.T စနစ်ဖြင့် Online eVisa လုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းသည် ဆက်သွယ်ရေးဥပဒေအရ လုပ်ငန်းလိုင်စင် ရယူဆောင်ရွက်ရန် လိုအပ်ခြင်းမရှိသည့် ဝန်ဆောင်မှုအမျိုးအစား ဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သဘောထားမှတ်ချက် ပေးရန် မရှိပါကြောင်းပြန်ကြားထားပါသည်။

၁၀။ ငွေကြေး အထောက်အထားများအဖြစ် မန်နေးဂျင်းဒါရိုက်တာ ဦးကျော်မိုးနိုင် အမည်ဖြင့် ဧရာဝတီဘဏ်၌ (၈-၈-၂၀၁၆) နေ့စွဲရှိ ကျပ်ငွေ (၁၇,၁၂၇,၃၄၅.၄၂) ရှိကြောင်း၊ ဒါရိုက်တာ ဒေါ်ချိုချိုမာ အမည်ဖြင့် ဧရာဝတီဘဏ်၌ (၈-၈-၂၀၁၆) ရက်စွဲဖြင့် ကျပ်ငွေ (၂,၅၉၂,၄၃၈.၇၇) နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ (၂၇-၇-၂၀၁၆)ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ (၈,၇၂၀.၉၃) ရှိကြောင်း၊ ဒါရိုက်တာ ဦးလှိုင်ဝင်းကို အမည်ဖြင့် ဧရာဝတီဘဏ်၌ (၈-၈-၂၀၁၆) ရက်စွဲဖြင့် ကျပ်ငွေ (၃,၀၁၆,၅၈၅.၁၆) ရှိကြောင်း တင်ပြထားပါသည်။

၁၁။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ ထားရှိမည်ဖြစ်ပြီး၊ ဝန်ထမ်းများအား မီးဘေးအရေးပေါ် ကာကွယ်နိုင်ရန် အရေးအပေါ် မီးသတ်နည်းပညာများလေ့ကျင့်သင်ကြားပေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၂။ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးစီမံချက်၊ ပတ်ဝန်းကျင်ထိန်သိမ်းရေးနှင့်သန့်ရှင်းသာယာရေးစီမံချက်အစီအစဉ်၊ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်မည့် အစီအစဉ်၊ လျှပ်စစ်ဓါတ်အားသုံးစွဲမှုအစီအမံတို့ကို တင်ပြထားပြီး လူမှုဘဝ သာယာဝပြောရေး (Corporate Social Responsibility -CSR) အတွက် အသားတင်အမြတ်၏ ၂ % ထည့်ဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၃။ အဆိုပြုလုပ်ငန်းအား အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် မတ် လ ၁၄ ရက် နေ့တွင် ကျင်းပပြုလုပ်သော (၁၁/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၄။ **စိစစ်တင်ပြချက်**

(က) Online e-Visa လုပ်ငန်းစီမံချက် အကောင်အထည်ဖော်နိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ (၂၇-၆-၂၀၁၄) ရက်နေ့မှ (၁၆-၇-၂၀၁၄) ရက်နေ့အထိ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပြီး Myanmar Ease Net Co., Ltd. အား ပွင့်လင်းမြင်သာစွာ ရွေးချယ်မှုပြုလုပ်ခဲ့ပါကြောင်း တင်ပြထားပါသည်။

(ခ) ကုမ္ပဏီသည် (၁-၉-၂၀၁၄)ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် Online e-Visa လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီချက် ပဋိညာဉ်စာချုပ်၊ (၁-၇-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်သဘောတူပဋိညာဉ်စာချုပ်များလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းနှင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လေဆိပ်တို့တွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း စိစစ်တင်ပြအပ်ပါသည်။

(ဂ) Online eVisa စနစ်တွင် ကမ္ဘာလှည့်ဗီဇာ (Tourist Visa) လျှောက်ထားမှု ဝန်ဆောင်ခ (Visa Processing Fees) အား Online မှတစ်ဆင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၅၀) ကောက်ခံမည်ဖြစ်၍ နိုင်ငံတော်မှ အမေရိကန် (၃၇) ဒေါ်လာ၊ ကုမ္ပဏီမှ အမေရိကန် ဒေါ်လာ(၁၃)ဒေါ်လာ ခွဲဝေယူမည်ဖြစ်ပါသည်။ (Business Visa) လျှောက်ထားမှု ဝန်ဆောင်ခ (Visa Processing Fees) အားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၇၀) ကောက်ခံမည်ဖြစ်၍ နိုင်ငံတော်မှ အမေရိကန် (၅၇) ဒေါ်လာ၊ ကုမ္ပဏီမှ အမေရိကန် ဒေါ်လာ(၁၃)ဒေါ်လာ ခွဲဝေယူမည်ဖြစ်ကြောင်း၊ Online e-Visa လုပ်ငန်းစဉ်အား လုပ်ငန်းနိုင်နင်းမှုအပေါ် မူတည်၍ ကျန်ဗီဇာများအားတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းစိစစ်ရပါသည်။

(ဃ) B.O.T စာချုပ်အရ ကုမ္ပဏီမှ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအား Online eVisa လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သော Hardware များ၊ Software များ၊ ပြည်တွင်း/ ပြည်ပပညာရှင်များ၊ Bank Transfer Charges များ၊ ၂၄ နာရီ/၇ ရက်အတွက် လိုအပ်သော ထောက်ပံ့ရေးစနစ် (Supporting) နှင့် ပစ္စည်းများ၊ အခြားကုန်ကျစရိတ်များ အားလုံးအပါအဝင် eVisa လုပ်ငန်းစနစ် တစ်ခုလုံး ဆက်လက်တိုးချဲ့မည့် လုပ်ငန်းများအပါ အဝင် စဉ်ဆက်မပြတ် ခေတ်မီနေစေရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းစိစစ် တင်ပြအပ်ပါသည်။

(င) ကုမ္ပဏီမှ တည်ဆောက်ရေးကာလတင်ပြထားခြင်းမရှိပါကြောင်းနှင့် ပြည်ပမှ တင်သွင်း မည့်ပစ္စည်းကိရိယာများအတွက် အခွန်ပေးဆောင် တင်သွင်းရမည်ဖြစ်ကြောင်းစိစစ် ရပါသည်။

ဆုံးဖြတ်ရန်အချက်

၁၅။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန နှင့် Myanmar Ease Net Co., Ltd. တို့မှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေဆိပ်နေရာများ နှင့် မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တာချီလိတ် နယ်စပ်ဝင်ပေါက်များတွင် B.O.T စနစ်ဖြင့် Online eVisa လုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ

နောက်ဆက်တွဲ(က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၅ / MIC
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၂၈ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇. ၃. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/ မ-၀၁၃/၂၀၁၆(၁၉၃)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် Myanmar Ease Net Co.,Ltd. တို့မှ BOT စနစ်ဖြင့် Online eVisa System လုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မှတစ်ဆင့် လျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှု(Service)လုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် မစဉ်းစားသင့်ပါကြောင်းနှင့် ခွင့်ပြုမည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း အကြောင်းကြားအပ်ပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)
(နော်ပန်းသဉ္ဇာမျိုး၊ တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
Myanmar Ease Net Co.,Ltd.
လက်ခံစာတွဲ/မျှောစာတွဲ

D/2016/Lesson(MIC),(13)

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝဝ၁/ MIC(OSS) /၀၁(၁၁၉ / ၁၆)
ရက် စွဲ ၊၂၀၁၆ခုနှစ် မတ် လ ၃၁ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် Myanmr Ease Net Co., Ltd တို့မှ BOT စနစ်ဖြင့် Online eVisa System လုပ်ငန်းအားဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိုစစ်ဆေးတင်ပြခြင်းနှင့်ပတ်သက်၍သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၇-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/ မ-၀၁၃/ ၂၀၁၆(၁၉၀)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် Myanmr Ease Net Co.,Ltd တို့မှ BOT စနစ်ဖြင့် Online eVisa System လုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိုစစ်ဆေးတင်ပြခြင်းနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ (၁၀)နှစ်ဖြစ်ပြီး ဝန်ထမ်းများသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးကာကွယ်ရေးစီမံချက်များကိုလည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏ (၂%)ကိုလူမှုရေးအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility–CSR) လုပ်ငန်းများတွင်ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းသာယာရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုး

သားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် Myanmr Ease Net Co.,Ltd တို့မှ BOT စနစ်ဖြင့် Online eVisa System လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုမည့် ယာဉ်များမှအခိုးအငွေ့များနှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ လုပ်ငန်းဆောင်ရွက်ရာမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်အရည်/အစိုင်အခဲများကြောင့် ပတ်ဝန်းကျင်မြေထုနှင့်ရေထုညစ်ညမ်းခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် Myanmr Ease Net Co.,Ltd တို့မှ BOT စနစ်ဖြင့် Online eVisa System လုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျှော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility–CSR)အတွက် အသားတင်အမြတ်ငွေ၏(၂%)အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်များရေးဆွဲ၍ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင် ရွက်ရန်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူ

များ၏ ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ်၊ ဆသန/၂-၀၂/၀၁၅(၂၀၁၆/ ၁၉၉၇)
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံလာသည့်ကိစ္စ**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၇.၃.၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/မ-၀၁၃/၂၀၁၆(၁၉၀)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရည်ညွှန်းပါစာအရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် Myanmar Ease Net Co.,Ltd တို့မှ BOT စနစ်ဖြင့် Online e-Visa System ဆောင်ရွက်မည့် လုပ်ငန်းသည် ဆက်သွယ်ရေးဥပဒေအရ လုပ်ငန်းလိုင်စင်ရယူဆောင်ရွက်ရန် လိုအပ်ခြင်းမရှိသည့် ဝန်ဆောင်မှုအမျိုးအစားဖြစ်ပါသဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့် သဘောထားမှတ်ချက်ပေးရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ခင်မောင်သက်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
- ရုံးလက်ခံ / မျှော

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
	Myanmar Ease Net Co., Ltd.	(၁)ဦးကျော်မိုးနိုင် မန်နေးဂျင်းဒါရိုက်တာ မြန်မာ ၁၂/အလန(နိုင်) ၀၀၁၀၁၆	အမှတ်-၂၀၃၊ ရန်ကင်းစင်တာ၊ အမှတ်-၂ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		(၂) ဦးလှိုင်ဝင်းကို ဒါရိုက်တာ မြန်မာ ၁၂/ပဇတ(နိုင်) ၀၀၁၃၂၇	အမှတ်-၄၊ ခိုင်မာလာလမ်း၊ မိကျောင်းကန်အပိုင်း(၃)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		(၃) ဒေါ်ချိုချိုမာ ဒါရိုက်တာ မြန်မာ ၁၂/ဥကတ(နိုင်) ၀၁၄၄၃၁	အမှတ်-၁၀၅၄(က)၊ ယသဝတီ ၁၆ လမ်း၊ အမှတ်-၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ် - ၀၉- ၅၀၈၈၆၆၃

၂။ ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ - အမှတ်-၄၊ ခိုင်မာလာလမ်း၊ မိကျောင်းကန်အပိုင်း (၃)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ ရာထူး - ဦးလှိုင်ဝင်းကို (ဒါရိုက်တာ)

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - B.O.T စနစ်ဖြင့် Online eVisa လုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - ၃၂၆၄/၂၀၁၁-၂၀၁၂(၃၀-၁၂-၂၀၁၁)

၆။ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - ၂၉-၁၂-၂၀၁၉

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် - -